## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ Website (www.dtm.gov.mm) နှင့် Social Media များတွင် သတင်းရေးသားဖော်ပြခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်

(Draft Version 1) (၂၄-၉-၂၀၁၈)

၁။ **နိဒါန်း**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်ကို (Year of Data and Information) အဖြစ်သတ်မှတ်၍ ကျန်းမာရေးစာရင်းအင်းနှင့် သတင်းအချက်အလက်များ မှန်ကန်တိကျစွာရရှိရေးနှင့် ပြည်သူလူထုသိရှိအောင် ပြုစုထုတ်ပြန်နိုင်ရေးကို ဦးစားပေး ဆောင်ရွက်လျက် ရှိပါသည်။

ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် သတင်းမီဒီယာ၏ အခန်းကဏ္ဍသည် အလွန် အရေးကြီးသည့် အဓိကနေရာမှ ပါဝင်လျက်ရှိပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်အမျှကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ကို ပြည်သူလူထုသိရှိအောင် သတင်းမီဒီယာမှတဆင့် ဖော်ပြရမည် ဖြစ်ပါသည်။

အထူးသဖြင့် မိမိတို့ ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း မှန်မှန်ကန်ကန်နှင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် သတင်းမီဒီယာကို ထိရောက်စွာ အသုံးပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

မိမိတို့ဦးစီးဌာနသည် ပြည်သူလူထုကို ဝန်ဆောင်မှုပေးရသောဌာနဖြစ်သည့်အတွက် အချို့ကိစ္စရပ်များတွင် ပြည်သူလူထုဘက်က နားလည်မှု လွဲမှားခြင်းများ ရရှိနိုင်သည့်အတွက် အချိန်မီရှင်းလင်းတင်ပြနိုင်ရေးအတွက် သတင်းမီဒီယာများကို အသုံးပြုရန်လိုအပ်ပါသည်။ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်ပြဿနာများ (Public Health Emergencies) သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်သည့်အခါတွင် ပြည်သူလူထုအနေဖြင့် မှန်ကန်သော သတင်းအချက်အလက်များကို အချိန်မီမရရှိပါက မလိုလားအပ်သော စိုးရိမ်ထိတ်လန့်မှုများ ကြုံတွေ့နိုင်ရသည့်အတွက် သတင်းစာရှင်းလင်းပွဲများ၊ အင်တာဗျူးဖြေဆိုမှုများ၊ အရေးပေါ် သတင်းထုတ်ပြန်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပြည်သူလူထုကို ကျန်းမာရေးအသိပညာမြှင့်တင်သည့်အခါမှာလည်း ကျန်းမာစေမည့် အလေ့အထများကျင့်သုံးလာစေရန်နှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သော အပြုအမူများ လျှော့ချနိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များကို ဖြန့်ဝေရာတွင် သတင်းမီဒီယာကို မဖြစ်မနေလိုအပ်ပါသည်။ **ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး** Exercise is Medicine ကဲ့သို့ နေ့စဉ်နှင့်အမျှ လိုက်နာဆောင်ရွက်ရန် လိုအပ်သော အလေ့အကျင့် ကောင်းများကို အများပြည်သူကြားတွင် ပျံ့နှံ့အောင်ဆောင်ရွက်ရာတွင် သတင်းမီဒီယာ၏ အခန်းကဏ္ဍသည် အထူးအရေးပါသည်။ ထို့အပြင် ကျန်းမာရေးကောင်းမွန်စေရန် ဆောင်ရန်၊ ရှောင်ရန်များနှင့် ပတ်သက်၍ လွဲမှားသော အယူအဆများကို ချေဖျက်နိုင်ရေးအတွက်လည်း သတင်းမီဒီယာကို အားကိုးအသုံးပြုရမည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနသည် နိုင်ငံတော်က ချမှတ်ထားသည့် e-Government လုပ်ငန်းစဉ်များနှင့်အညီ ခေတ်မီ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology –ICT) ကို အသုံးပြုဆောင်ရွက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ Website များ Social Media များကို အမြဲမပြတ်ဝင်ရောက်ကြည့်ရှုပြီး မှန်ကန်သော သတင်းအချက်အလက်များကို ပြည်သူလူထုထံသို့ ပြန်လည်ဖြန့်ဝေပေးနိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု သတင်းများကို Website နှင့် Social Media များတွင် အချိန်နှင့်တပြေးညီ ဖော်ပြပေးလျက်ရှိပြီး အဆိုပါသတင်းများကို ထိထိရောက်ရောက်နှင့် အကြောင်းအရာကို ရှင်းလင်းစွာ ရေးသားတင်ပြနိုင်စေရေးအတွက် ယခုလုပ်ငန်းလမ်းညွှန်ကို ရေးဆွဲရခြင်းဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ သတင်းများကို ရုပ်လုံးဖော်ပြရာတွင် စာသား (text) သာမက၊ ဓာတ်ပုံ၊ ဗွီဒီယို၊ ဒီဇိုင်း (design) အစရှိသည့် (Graphic) ပိုင်းကိုလည်း ရိုးရှင်းစွာဖြင့် ပြည်သူလူထုစိတ်ဝင်စားမှုရှိအောင် ဖန်တီးဆောင်ရွက်ရမည် ဖြစ်သည့်အတွက် အဆိုပါအပိုင်းနှင့် ပတ်သက်၍လည်း ယခုလုပ်ငန်းလမ်းညွှန်တွင် ထည့်သွင်းဖော်ပြထားပါသည်။

## ၂။ သတင်းဆိုသည်မှာ

သတင်းဆိုသည်မှာ ကြားသိအပ်သော အဖြစ်အပျက်အကြောင်းအရာများကို ဆိုလိုသည် ဟု မြန်မာအဘိဓာန်တွင် ဖော်ပြထားပြီး Merriam-Webster အဘိဓာန်တွင်မူ သတင်း (News) ဆိုသည်ကို "A report of recent events (or) previously unknown information (or) something having a specified influence or effect" ဟုဖော်ပြထားပါသည်။ အဖြစ်အပျက်၏ အချိန်ကာလ၊ အကြောင်းအရာ၊ လူသားများအပေါ် သက်ရောက်မှု၊ ဒေသအကွာ အဝေး၊ အငြင်းပွားစရာဖြစ်မှု၊ ထူးခြားတင်ရှားမှု၊ လတ်တလောဖြစ်ပွားမှုနှင့် ထူးဆန်းမှုတို့အပေါ် မူတည်၍ သတင်းတစ်ပုဒ်၏ ပုံနှိပ်စိတ်ဝင်စားခံရပုံ ကွာခြားနိုင်ပါသည်။

## ၃။ သတင်းရေးသားခြင်း

သတင်းရေးသားရာတွင် ရှင်းလင်းတိကျပြီး တိုတောင်းရမည်ဖြစ်သည်။ ပုဒ်ဖြတ်ပုဒ်ရပ်များ၊ ဝါကျအထားအသို၊ စာလုံးပေါင်းသတ်ပုံ အစရှိသည့် မြန်မာစာအရေးအသားကို အထူးသတိထားရမည်ဖြစ်ပြီး အရေးအသားများယွင်းပါက အဓိပ္ပါယ်လွဲမှားပြီး သတင်းတန်ဖိုးလျော့ကျတတ်ပါသည်။ နာမဝိသေသန၊ ကြိယာဝိသေသနများထက် နာမ်နှင့်ကြိယာတို့ကို ပိုမို သုံးစွဲရပါမည်။ စာသားအဓိပ္ပါယ်ဝေဝါးခြင်း၊ နှစ်ခွထွက်ခြင်းနှင့် ထပ်ပြန်တလဲလဲ ရေးသားခြင်း မရှိစေရပါ။

ပညာရပ်ဆိုင်ရာစကားလုံးနှင့် စာသားများကို အများပြည်သူနားလည်အောင် ရေးသားရမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာစကားလုံးများကို မဖြစ်မနေသုံးစွဲရမည်ဆိုပါက အဓိပ္ပါယ်ရှင်းလင်းချက်ကိုပါ တစ်ပါတည်း ပူးတွဲဖော်ပြသင့်ပါသည်။ အထူးသဖြင့် အင်္ဂလိပ်စကားလုံးများကို မပါမဖြစ်ထည့်သွင်းမည်ဆိုပါက အများနားလည်လွယ်သော မြန်မာဘာသာပြန်ကိုပါ ပူးတွဲ ဖော်ပြပေးရမည်ဖြစ်ပါသည်။

သတင်းအကြောင်းအရာအားရေးသားရာတွင် ဘယ်သူက၊ ဘယ်နေရာ၊ ဘယ်အချိန်မှာ၊ ဘာကြောင့်၊ ဘယ်လို၊ ဘာကိုလုပ် ဟူသော "ဘ" ခြောက်လုံးပါဝင်အောင်ရေးသားရပါမည်။

သတင်းခေါင်းစဉ်များသည် ရှင်းလင်းလွယ်ကူရန်လိုအပ်ပြီး သတင်းပါအကြောင်းအရာများနှင့် လိုက်ဖက်ရန်၊ သတင်းတစ်ပုဒ်လုံးအား အကျဉ်းချုပ်ဖော်ပြနိုင်စေရန်နှင့် သတင်းအားဆက်လက်ဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန် ရေးသားရမည် ဖြစ်ပါသည်။ သတင်းခေါင်းစဉ်သည်

သတင်းဆောင်းပါးများ၏ ခေါင်းစဉ်နှင့်မတူညီပါ။ သတင်းဆောင်းပါးများတွင်မူ ခေါင်းစဉ်သည် စာဖတ်သူ၏ သိလိုစိတ်ကို နှိုးဆွပေးရန်အတွက်သာရည်ရွယ်ပြီး ဆောင်းပါး၏ သဲလွန်စကိုသာ ဖော်ပြထားတတ်ပါသည်။

သတင်းရေးသားရာတွင် အသုံးပြုမှုအများဆုံးပုံစံမှာ ပိရမစ်ပြောင်းပြန် (တြိဂံဇောက်ထိုး) the Inverted Pyramid ပုံစံဖြစ်ပါသည်။




အဆိုပါပုံစံအရ သတင်း၏နိဒါန်း (The Lead )တွင် သတင်းတန်ဖိုးအကြီးဆုံး အချက်အလက်ကို "ဘ"ခြောက်လုံးပါဝင်အောင် အတိုချုံးရေးသားရန်နှင့် သတင်းတစ်ပုဒ်လုံး၏ အနှစ်ချုပ် (Summary) ဖြစ်အောင် ရေးသားရန်လိုအပ်ပါသည်။ The Lead တွင် အရေးအသားသည် ရှင်းလင်းရန်လိုအပ်ပြီး သတင်းအား ဆက်လက်ဖတ်ရှုချင်စိတ်ဖြစ်အောင် ရေးသားရပါမည်။ ဝေဝါးသောစကားလုံးများအား သုံးစွဲခြင်းမပြုရပါ။ "ခဲ့သည်" ဟူသောအတိတ်ကို ဖော်ပြသည့် စကားလုံး (Past Tense) ဖြင့် ရေးသားရမည် ဖြစ်ပါသည်။

သတင်း၏စာကိုယ် (The Body) တွင် The Lead အား အထောက်အကူပြု အားဖြည့်ပေးသည့် အချက်အလက်များ၊ သွယ်ဝိုက်ဆက်နွယ်သည့် အချက်အလက်များကို ထည့်သွင်း ဖော်ပြရမည်ဖြစ်ပါသည်။ သတင်း၏နိဂုံးပိုင်းတွင် ခြုံငုံသုံးသပ်ချက်နှင့် အခြား

စိတ်ဝင်စားဖွယ်ရာ အသေးစိတ်အချက်အလက်များ သို့မဟုတ် ဆက်စပ်အကြောင်းအရာများ ထည့်သွင်းရေးသားနိုင်ပါသည်။

## ၄။ တိုင်းရင်းဆေးပညာဦးစီးဌာန၏ Website နှင့် Social Media များအတွက် သတင်းရေးသား ပေးပို့ခြင်း

တိုင်းရင်းဆေးပညာဦးစီးဌာန၏ Website (www.dtm.gov.mm) နှင့် Social Media များ၌ ဖော်ပြနိုင်ရန် သတင်းများအား ရေးသားပေးပို့ရာတွင်-

- သတင်းစာသားများအား စာပိုဒ်ပုံစံဖြင့် ရေးသားပေးပို့ခြင်းထက် Bullet Point ဖြင့် ရှင်းလင်းတိကျစွာ ရေးသားပေးပို့ပါက အွန်လိုင်းမီဒီယာများတွင် ပြန်လည်ဖော်ပြရာ၌ ဖတ်ရှုသူများ အဆင်ပြေလွယ်ကူမည် ဖြစ်ပါသည်။ သတင်းစာပိုဒ်အရေအတွက် အနည်းဆုံးနှစ်ပိုဒ်မှ အများဆုံး ငါးပိုဒ်အထိကို Bullet Point ဖြင့်ရေးသားပေးပို့ရန် လိုအပ်ပါသည်။
- စာကြောင်းများအား တိုတိုရှင်းရှင်းနှင့် ဆိုလိုရင်းအား လူအများနားလည်အောင် ရေးသားရန် လိုအပ်ပါသည်။
- အင်္ဂလိပ်စကားလုံးများကို မပါမဖြစ် ထည့်သွင်းမည်ဆိုပါက အများနားလည်လွယ်သော မြန်မာဘာသာပြန်ကိုပါ ပူးတွဲဖော်ပြပေးရမည်။
- သတင်းစာသားများအား Microsoft Word ဖြင့်သာ ရိုက်ကူးပေးပို့ရမည်ဖြစ်ပြီး A4, Myanmar Unicode 3, Font Size 14 ကို အသုံးပြုရပါမည်။
- သတင်းစာသားများအား ကူးယူ၍ Website နှင့် Social Media များတွင် ပြန်လည် ဖော်ပြရာ၌ အဆင်ပြေမှုရှိစေရေးအတွက် သတင်းစာသားများအား ပေးပို့ရာတွင် စာရွက် Margin အတွင်း စာလုံးများအား အကွာအဝေးကြည့်ကောင်းစေရန် ညှိပေးစရာမလိုဘဲ ပုဒ်ဖြတ်ပုဒ်ရပ် မှန်ကန်စေရန်နှင့် မခွဲခြားသင့်သော မြန်မာစာလုံးများကို ခွဲခြား၍ စာရိုက်ခြင်းမပြုရန် လိုအပ်ပါသည်။ (ဥပမာ- "ဆောင်ရွက်" ဆိုသည်ကို ဆောင်သပ်သပ်၊ ရွက်သပ်သပ် စာကြောင်းခွဲခြားခြင်း မပြုဘဲ ဆက်ရိုက်၍ ပေးပို့ရန် ဖြစ်ပါသည်။)

၅။ **တိုင်းရင်းဆေးပညာဦးစီးဌာန၏ Website နှင့် Social Media များအတွက် သတင်း ဓာတ်ပုံများအား ရိုက်ကူးပေးပို့ခြင်း**

သတင်းများအားပေးပို့ရာတွင် စာသားများသာမက ဓာတ်ပုံများကိုလည်း ထည့်သွင်း ပေးပို့ရန် လိုအပ်ပါသည်။

- ဓာတ်ပုံအနည်းဆုံး လေးပုံမှ အများဆုံး ရှစ်ပုံအထိသာ ပေးပို့ရန် လိုအပ်ပါသည်။
- ဓာတ်ပုံများအား JPEG Format ဖြင့် သီးသန့် ပေးပို့ရန်လည်း လိုအပ်ပါသည်။
- ဖြစ်နိုင်ပါက ဓာတ်ပုံများ၏ အရည်အသွေးသည် Resolution 300 dpi ရှိစေချင်ပြီး ဓာတ်ပုံတိုင်း၏ အရွယ်အစားသည် (၄)လက်မ (၆)လက်မများ ဖြစ်ရပါမည်။
- သတင်းနှင့်ကိုက်ညီသည့် ဓာတ်ပုံများကိုသာ ပေးပို့ရမည်ဖြစ်ပြီး လိုအပ်ပါက ဓာတ်ပုံများအတွက် ဓာတ်ပုံအညွှန်းစာသားများ ရေးပေးရမည် ဖြစ်ပါသည်။
- သတင်းဓာတ်ပုံများအား ပြုပြင် ပြင်ဆင်ရာတွင် ဓာတ်ပုံပြုပြင်နိုင်သည့် Adobe Photoshop, Microsoft Office 2010 အစရှိသည့် သင့်တော်ရာ ကွန်ပျူတာ Software များကို အသုံးပြုနိုင်ပါသည်။
- ဓာတ်ပုံများသည် မှုန်ဝါးခြင်း၊ မဲမှောင်ခြင်း၊ ရိုက်ကူးမှု အချိုးမညီခြင်းများ မဖြစ်စေရန် ဂရုစိုက်သင့်ပါသည်။

၆။ **သတင်းကျင့်ဝတ်**

- သတင်းဓာတ်ပုံများအား မူလအခြေအနေမှ သွေဖီအောင် ပြုပြင်ပေးပို့ခြင်း၊ သူတစ်ပါး ပိုင်ဆိုင်သော ဓာတ်ပုံများကို ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်းများ ရှောင်ကြဉ်ရပါမည်။
- သတင်းနှင့်ဓာတ်ပုံများအားမပေးပို့မီ မိမိဌာန၏ တာဝန်ခံအကြီးအကဲထံ အတည်ပြု ချက် ရယူပြီးမှ ပေးပို့ရမည် ဖြစ်ပါသည်။
- သတင်းစာသားတွင် လူနာ၏ နာမည်အား မလိုအပ်ဘဲ ထည့်သွင်းခြင်း မပြုလုပ်ရန်နှင့် လူနာ၏ လျှို့ဝှက်အပ်သော အတွင်းရေးများအား ထည့်သွင်းရေးသားခြင်း မပြုရန် လိုအပ်ပါသည်။
- သတင်းဓာတ်ပုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ သို့မဟုတ် ဆေးရုံ၊ ဆေးခန်းနှင့် ရွေ့လျားဆေးခန်းများတွင် ဆေးကုသမှုခံယူနေသူ သို့မဟုတ် ခံယူခဲ့သူ

လူနာများ၏ ဓာတ်ပုံများကို ဖော်ပြမည်ဆိုပါက ဓာတ်ပုံပြုပြင်သည့် ကွန်ပျူတာ Software အသုံးပြု၍ လူနာ၏မျက်နှာကို ဝါးခြင်း သို့မဟုတ် လူနာ၏ မျက်လုံးများအား အနက်ရောက် စတုဂံဖြင့် မျဉ်းသားခြင်းတို့ကို ပြုလုပ်ပြီးမှသာ ပေးပို့ရမည်ဖြစ်ပါသည်။

- ဓာတ်ပုံများတွင် လူနာ၏ လျှို့ဝှက်အပ်သော ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထည့်သွင်း ရိုက်ကူးပေးပို့ခြင်း မပြုလုပ်ရပါ။

**၇။ သတင်းစာသားများနှင့် ဓာတ်ပုံများအား မပေးပို့မီပြန်လည်စစ်ဆေးခြင်း**

သတင်းနှင့်ဓာတ်ပုံများအား သတင်းဖော်ပြမည့်ဌာနသို့ မပေးပို့မီ စကားလုံး၊ စာသား၊ အကြောင်းအရာနှင့် ဓာတ်ပုံများ မှန်ကန်မှုရှိ/မရှိ ပြန်လည် စစ်ဆေးရန် လိုအပ်ပါသည်။

**၈။ သတင်းစာသား၊ ဓာတ်ပုံနှင့် ဗွီဒီယိုများ ပေးပို့နိုင်သော အင်တာနက်လိပ်စာများ**

တိုင်းရင်းဆေးပညာဦးစီးဌာန၏ Website (www.dtm.gov.mm) နှင့် Social Media များတွင် သတင်းများ ဖော်ပြပေးနိုင်ရန် ပေးပို့နိုင်သော E.mail လိပ်စာ - dtm@mohs.gov.mm , dtm.it@dtm.gov.mm သို့ ပေးပို့ရပါမည်။

**၉။ ကိုးကား**

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ e.Government Section သင်တန်းမှ ပို့ချချက်များ